ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# (၄၁) နှစ်မြောက် စစ်တွေဆန်ပြဿနာ အထိမ်းအမှတ် နှစ်ပတ်လည်နေ့ နှင့်ပတ်သတ်၍ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး **(AASYC)**မှ သဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်
စာအမှတ် – ရကလစ/ဗဟို/ထုတ်ပြန်/၀၅/၀၈

ယနေ့သည် ရခိုင်ပြည်၊ စစ်တွေမြို့တွင် ဖြစ်ပွားခဲ့သည့် (၄၁)နှစ်မြောက် ဝမ်းနည်းကြေကွဲဖွယ်ရာ ဆန်ပြဿနာ အရေးတော်ပုံ နှစ်ပတ်လည်နေ့ဖြစ်သည်။

၁၉၆၂–ခုနှစ်တွင် ဗိုလ်နေဝင်းမှ လက်နက်အားကိုးဖြင့် တိုင်းပြည်အာဏာကို သိမ်းယူခဲ့ပြီးနောက်ပိုင်း ၁၉၆၇ ခုနှစ်အတွင်း "မဆလ"တစ်ပါတီအာဏာရှင်တို့၏ ငွေကြေးအလွဲသုံးစားမှုနှင့် စစ်ရေး အသုံးစရိတ်ကြီးမားမှုတို့ကြောင့် ပြည်တွင်း ဘဏ္ဍာငွေ အတိုင်းထက်အလွန် လိုအပ်လာလေသည်။ ယင်းအတွက် "မဆလ" တစ်ပါတီ အာဏာရှင်တို့က ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းပြည်၏ ယိုးယွင်းပျက်စီးမှုကို ကာကွယ်ထိန်းသိမ်းရန်ဟု အကြောင်းပြချက်ဖြင့် တိုင်းပြည်ရိက္ခာအတွက် သိုလှောင်ထားရှိသော ဆန်စပါးများကို နိုင်ငံခြားတိုင်းပြည်များသို့ အဆမတန် တင်ပို့ရောင်းချခဲ့လေသည်။ ၁၉၆၆ ခုနှစ်အတွင်း ဗမာပြည်တွင် ရာသီဥတုဆိုးဝါးမှုဒါဏ်ဖြင့် လယ်ယာစိုက်ခင်းများ၊ စားပင်သီးပင်များ ပျက်စီးခဲ့မှုကြောင့် ၁၉၆၇ ခုနှစ်တွင် တိုင်းပြည်၌ ဆန်ရေစပါး အခက်အခဲရှိမည်ကို သိသော်လည်း ထိုသို့ ဆန်စပါးများကို အတိုင်းအတာမရှိ ရောင်းချခဲ့သည့်အတွက် ပြည်တွင်းစားသုံးရန် မလုံမလောက် ဖြစ်ခဲ့ရသည်။ ယင်းဂယက်ကြောင့် ရခိုင်ပြည်အတွင်း အခြေခံလူထုမှာ ငတ်မွတ်ခေါင်းပါးမှုပြဿနာကို အကြီးမားဆုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် ထိုပြဿနာကိုဖြေ ရှင်းပေးရန်အတွက် ရခိုင်ပြည်သူလူထုမှ နိုင်ငံခြားသို့ တင်ပို့ရန် ဂိုဒေါင်များအတွင်း၌ သိုလှောင်လျှက်ကျန်ရှိသော "ဆန်"များကို ရခိုင်ပြည်သူတို့အား ဝေငှရောင်းချပေးရန် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် ငြိမ်းချမ်းစွာဖြင့် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ထိုသို့ငြိမ်းချမ်းစွာဖြင့် တောင်းဆိုခဲ့သည်ကို တစ်ပါတီ အာဏာရှင်အစိုးရမှ မလိုက်လျောသည့်အပြင် ပုဒ်မ (၁၄၄) ထုတ်ပြန်ကာ ဗိုလ်ချုပ်စောဖြူမှ အကြမ်းဖက်ပစ်ခတ် နှိမ်နင်းသဖြင့် တစ်နေရာထဲမှာပင် ရခိုင်ပြည်သူလူထု (၂၀၀) ကျော် ပွဲချင်းပြီး သေဆုံးခဲ့ရပြီး ဒါဏ်ရာရသူ (၁၀၀)ကျော်ခန့်မှာ မိမိတို့အနေဖြင့် မသေသေးကြောင်း အော်ဟစ်ပြောဆို တောင်းပန် သော်လည်း အရှင်လတ်လတ်မီးရှို့ကာ ရက်စက်စွာ သတ်ဖြတ်ခံလိုက်ကြရသည်။ ထို့ကြောင့် ဤဩဂုတ် (၁၃)ရက် နေ့သည် ရခိုင်ပြည်သူလူထု၏ရင်ဝယ် နာကျည်းမှု၊ ဝမ်းနည်းမှုကိုဖြစ်စေပြီး ကြေကွဲဖွယ်ကောင်းသော သွေးစွန်းသော နေ့တစ်နေ့ပင် ဖြစ်ပေသည်။

ရခိုင်ပြည်သည် ရှေးယခင်မင်းအဆက်ဆက်ကပင် ဆန်ရေစပါးပေါကြွယ်ဝသောတိုင်းပြည်တခုဖြစ်ခဲ့သည်။ သမိုင်းတလျှောက်တွင်လည်း ငတ်မွတ်ခေါင်းပါးမှုဒုက္ခ ဖြစ်ခဲ့သည်ဟူ၍မရှိခဲ့ပေ။ ယနေ့အချိန်တွင် ရခိုင်ပြည်သူ၊ သားတို့မှာ ကိုယ့် လယ်၊ ကိုယ့် နွား၊ ကိုယ့် ထယ်ဖြင့် ကိုယ်တိုင်ထွင်၍ ထွက်လာသည့်စပါးကို ကိုယ်တိုင်မစားရသည့် ဘဝသို့ပင် ရောက်လို့နေပေသည်။ အထူးသဖြင့် စစ်အစိုးရတို့မှ မတန်တဆဈေးနှိမ်၍ တောင်သူလယ်သမားများထံမှ ဝယ်ယူနေခြင်း၊ အခြားတဖက်တွင်လည်း ရခိုင်ပြည်၌တပ်ဆွဲထားသော (၆၀)ခန့်ရှိသော တပ်မ၊ တပ်ရင်းများကို အလုပ်အကျွေးပြုနေရပေသည်။ ထို့အပြင် ရခိုင်ပြည်မှ ထွက်သော ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သစ်၊ ဝါး၊ စပါး၊ သားငါး၊ ဆား အစရှိသော ရေပေါ် ရေအောက်၊ မြေပေါ်မြေအောက် သဘာဝသယံဇာတပစ္စည်းများကို စစ်အစိုးရမှ ပြည်ပသို့ အဆ

မတန် တင်ပို့နေသော်လည်း ထိုမှရရှိသော နိုင်ငံခြားဝင်ငွေတို့မှာမူ တိုင်းပြည်ရှိ ပြည်သူလူထု အကျိုး စီးပွားအတွက် မဟုတ်ဘဲ လက်တစ်ဆုပ်စာ စစ်ဗိုလ်ချုပ်မိသားစုအသိုင်းအဝိုင်း ကောင်းစားရေးနှင့် စစ်အသုံးစရိတ်၊ စစ်လက်နက် ခဲယမ်းပစ္စည်းများအတွက်သာ အသုံးပြုနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဗမာပြည်တွင် တိုင်းပြည်သံယံဇာတ များများ တင်ပို့လေ၊ ပြည်သူလူထုမှာ အကြပ်တည်းဒုက္ခ ရောက်လေ ဖြစ်နေသည်။ စစ်အစိုးရ၏ရေရှည်စီမံကိန်းအရ စစ်တပ်အင်အား ကြီးမားရေး၊ လက်နက်ခဲယမ်း တောင့်တင်းရေးနှင့် ဗမာပြည် ပြည်သူလူထုတရပ်လုံး တပ်အမိန့် နာခံရေးအတွက် နည်းအမျိုးမျိုးဖြင့် နှိပ်စက်ညှင်းပန်းလာခဲ့ကြရာတွင် တောင်သူ လယ်သမား၊ အလုပ်သမားများနှင့် အခြေခံလူတန်းစားများမှာ ပို၍ထိခိုက်နစ်နာသဖြင့် စားဝတ်နေရေး အကျပ် အတည်းဖြင့် တနေ့တခြား ပိုမို ဒုက္ခရောက်လာနေသည်ကို တွေ့ရှိရသည်။

ယနေ့ "နအဖ" စစ်ခေါင်းဆောင်တို့ စိတ်ကြိုက်ရေးဆွဲထားသော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်မှာလည်း စစ်အုပ်ချုပ်ရေးနှင့် စစ်ကျွန်ပြုရေးသာဖြစ်သဖြင့် ဗမာပြည်၏ အနာဂတ်မှာ ကမ္ဘာတဝန်းမှ ရင်တမမဖြင့် စောင့်ကြည့် နေရသည့် အခြေအနေပင် ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ရခိုင်ပြည်သူလူထုအနေဖြင့် ၂၀၁၀ ခုနှစ်တွင် နအဖ၏ လမ်းပြမြေပုံ (၇)ဆင့်အနက် တစ်ဆင့်ဖြစ်သော အဆင့်(၅)ကို အကောင်အထည်ဖော်ရန်အတွက် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအပါအဝင် လမ်းပြမြေပုံအဆင့်တိုင်းအား ဆန့်ကျင်ကန့်ကွက်၍ အပြီးတိုင် မချေမှုန်းလျှင် ရခိုင်ပြည် အပါအဝင် တနိုင်ငံလုံးအရေးမှာ ပို၍ အတိဒုက္ခကျဖွယ်ရာ ဖြစ်ပေသည်။ အနာဂတ်မျိုးဆက်သစ်များ အနေဖြင့် လူညွန့်တုန်းဖွယ်ရာပင်ဖြစ်သည်။ သို့ဖြစ်၍ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး မှ အောက် ပါအတိုင်း သဘောထား ထုတ်ပြန်လိုက်သည်။

၁) ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များအစည်းအရုံးမှ ဩဂုတ် (၁၃)ရက်နေ့အား ရခိုင်သား တို့၏ ဝမ်းနည်းဖွယ်ရာ နေ့တနေ့အဖြစ် သတ်မှတ်သွားမည်။
၂) စစ်အစိုးရတို့အနေဖြင့် ရခိုင်ပြည်မှထွက်သည့် အခြေခံစားသုံးကုန်များအား ရခိုင်ပြည်တွင်းသုံးစွဲပြီးမှ ပိုလျှံသော စားသောက်ကုန်များကိုသာ ပြည်ပသို့တင်ပို့ရန်။
၃) ရခိုင်ပြည်သူလူထု၏ သဘောထားဆန္ဒမပါဘဲ ရခိုင်ပြည်၏ သံယံဇာတများကို စစ်အစိုးရအနေဖြင့် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းမပြုရန်။
၄) စစ်အစိုးရမှ ရခိုင်ပြည်အတွင်း စစ်တပ်တိုးချဲ့မှု၊ စစ်တပ်အတွက် စားနပ်ရိက္ခာတောင်းခံမှု၊ စစ်တပ်မှ ရခိုင်လူထုအား မတရားညှင်းပန်းနှိပ်စက်မှု၊ စစ်တပ်ဖြင့် ရခိုင်လူထုတရပ်လုံးတို့အား ခြိမ်းခြောက်မှု၊ နိုင်လိုမင်းထက်ပြုမှုတို့ကို ရပ်တန့်ပေးရန်။
၅) ရခိုင်ပြည်မှထွက်သည့် သံယံဇာတပစ္စည်းများမှ ရရှိလာသောနိုင်ငံခြားဝင်ငွေသည် တိုင်းပြည်၏ ပြည် သူလူထုအကျိုးစီးပွားအတွက်သာဖြစ်ရမည်။
၆) ရခိုင်ပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတိုင်းသည် ရခိုင်ပြည်လူထု၏ ဆုံးဖြတ်ချက်များပေါ်တွင် အဓိက အခြေခံရမည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး
ဗဟိုဌာနချုပ်
ထိုင်း–မြန်မာနယ်စပ်။

**ဆက်သွယ်ရန်**


ရဲဘော်ထွန်းဇော်
တွဲဖက်အတွင်းရေးမှူး (၁)
ထိုင်းဒေသ
၀၈– ၁၆၈၀– ၈၉၃၄

ရဲဘော်ကျော်မြင့်
တွဲဖက်အတွင်းရေးမှူး (၂)
ဘင်္ဂလားဒေ့ရှ်ဒေသ
၈၈–၀၁၈၁–၇၀၇၈–၁၃၃၊ ၀၁–၇၄၅၀–၉၄၆၄၆